# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
## (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၃၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၈.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါမယ်။ ယနေ့ခွင့်ပန် ကြားသူများမှာ-

(၁) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၂ ရက်၊

(၂) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၃) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၂ ရက်၊

(၄) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၂ ရက်၊

(၅) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၆) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၂ ရက်၊

(၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁ ရက်၊

(၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၉) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၁၀) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၁၁) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၁၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၂ ရက်၊

(၁၃) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ် ခွင့် ၁ ရက်၊

(၁၄) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၁ ရက်၊

(၁၅) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၁၆) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၇) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၁၈) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၉) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၂၀) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၂ ရက်၊

(၂၁) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၂၂) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၂ ရက်၊

(၂၃) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၁ ရက်၊

(၂၄) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်၊

(၂၅) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၂၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်နှင့်

(၂၇) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၉၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

### မြန်မာနိုင်ငံတွင် အမှိုက်သိမ်းယာဉ်မည်မျှရှိ၍ ရေးမြို့နယ်တွင် အမှိုက်သိမ်းယာဉ်များ ထပ်မံတိုးချဲ့ထားရှိရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီသက်တမ်းလေးနှစ်နီးပါးကြာမြင့်လာသည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးသောနိုင်ငံ၊ သန့်ရှင်းသောမြို့တော်များပေါ်ပေါက်ရန်အတွက် အမှိုက်သိမ်းယာဉ်များ အမြောက်အမြားလိုအပ်လျက်ရှိနေတာကိုလည်း လေ့လာသိရှိရပါတယ်။ ကျွန်မတို့ရဲ့ မြို့တော်ဖြစ်သော လူဦးရေထူထပ်တဲ့ရန်ကုန်မြို့နှင့် မန္တလေးမြို့

များမှာလည်း အမှိုက်သိမ်းယာဉ်များ အမြောက်အမြားလိုအပ်နေတာကိုလည်း လေ့လာသိရှိရပါတယ်။ တချို့ NGO အဖွဲ့များက ကိုယ်ထူကိုယ်ထစနစ်နဲ့ အမှိုက်သိမ်းနေရတာကိုလည်း ကျွန်မတို့အနေနဲ့ ကြားသိနေရပါတယ်ရှင်။ ကျွန်မတို့ရဲ့နိုင်ငံမှာ မြစ်၊ ချောင်း၊ အင်း၊ အိုင်များပေါများသောနိုင်ငံလည်း ဖြစ်ပါတယ်။ ၎င်းမြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်းသို့ အမှိုက်သရိုက်များ စည်းကမ်းမဲ့စွာ ပစ်ထား နေတာကိုလည်း တွေ့မြင်နေရပါတယ်။ ၎င်းစွန့်ပစ်သူများကို အရေးယူဆောင်ရွက်ရန်ကိစ္စများ အားနည်းနေတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်ရှင်။ ကျွန်မတို့ရဲ့မဲဆန္ဒနယ်မြေဖြစ်သော ရေးမြို့နယ် မှာ အမှိုက်သိမ်းယာဉ်စီးရေ အလုံအလောက်မရှိတာကိုလည်း လေ့လာသိရှိရပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးချင်တဲ့မေးခွန်းကတော့ ကျွန်မတို့ရဲ့ (၁) မြန်မာ နိုင်ငံတွင် စုစုပေါင်းအမှိုက်သိမ်းယာဉ် အစီးရေမည်မျှ ရှိကြောင်းသိရှိလိုပါတယ်။ (၂) မေးခွန်းကတော့ လိုအပ်နေသောကျေးရွာများသို့ အမှိုက်သိမ်းယာဉ်အစီးရေတိုးချဲ့ထားမှု အစီအစဉ်ရှိ/မရှိနှင့် (၃) မြို့နယ်ခွဲနှစ်ခုဖြင့်ဖွဲ့စည်းထားသော ရေးမြို့နယ်တွင် လိုအပ်နေသော အမှိုက်သိမ်းယာဉ်များ ထပ်မံ တိုးချဲ့ထားမှုအစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရတာဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁) မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး ၇ ခု၊ နေပြည်တော် ကောင်စီနယ်မြေ သို့မဟုတ် ပြည်ထောင်စုနယ်မြေအပါအဝင် ၁၅ ခုရှိပြီး သက်ဆိုင်ရာစည်ပင်သာယာ ရေးကော်မတီများ စာရင်းအရ အမှိုက်သိမ်းယာဉ် ၁၀၉၂ စီး၊ ထော်လာဂျီ ၇၆ စီး၊ တစ်ပါထော်လာဂျီ

၁၇၁ စီး၊ အလုံပိတ်အမှိုက်သိမ်းယာဉ် ၄၃ စီး၊ ထွန်စက်အမှိုက်သိမ်းယာဉ် ၃၉ စီး၊ ယန္တရား ၃၆၁ စီး၊ Arm-Roll Truck ၂၇ စီး၊ RC ၄၁ စီးတို့ရှိပြီး စုစုပေါင်း ၁၈၅၀ စီး ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်များအနေနှင့် လိုအပ်သော ကျေးရွာများသို့ အမှိုက်သိမ်းယာဉ် တိုးချဲ့ထားရှိမှုမရှိသေးပါကြောင်းနှင့် မြို့နယ်အလိုက် ဘဏ္ဍာငွေကြေးသုံးစွဲမှုအပေါ်မူတည်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အမှိုက်သိမ်းယာဉ်များ ဝယ်ယူဖြည့်ဆည်း ပေးလျက်ရှိပါတယ်။ ကျေးရွာများတွင် အမှိုက်သိမ်းဆည်းမှုနှင့်ပတ်သက်၍ အမှိုက်စွန့်ပစ်ရန်နေရာများကို ကျေးရွာအစီအစဉ်ဖြင့် သတ်မှတ်သိမ်းဆည်းဆောင်ရွက်လျက်ရှိပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာများတွင် အမှိုက်သိမ်းဆည်းရန်လိုအပ်ပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်များ စေလွှတ်သိမ်းဆည်းပေးလျက်ရှိပါတယ်။ ကျေးရွာများအတွက် အမှိုက်သိမ်းယာဉ် သီးခြားတိုးချဲ့ထားရှိရန် လောလောဆယ်အစီအစဉ်မရှိသေးဘဲ မြို့နယ်အစီအစဉ်ဖြင့်သာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အောက်ရှိ မွန်ပြည်နယ် ၁၀ မြို့နယ်နှင့် ခေါဇ၊ လမိုင်းမြို့တို့တွင် အမှိုက်သိမ်းယာဉ် ၄၉ စီး၊ နောက်တွဲယာဉ် ၁၆ စီး စုစုပေါင်း ၆၅ စီးဖြင့် အမှိုက်သိမ်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ရေးမြို့နယ်၌ မြို့နယ်ခွဲနှစ်ခုပါဝင်ပြီး ရေးမြို့ပေါ်တွင် အမှိုက်သိမ်းယာဉ်လေးစီး၊ လမိုင်းမြို့၌ အမှိုက်သိမ်းယာဉ်နှစ်စီး၊ ခေါဇမြို့၌ အမှိုက်သိမ်းယာဉ်တစ်စီး စုစုပေါင်း ခုနစ်စီးဖြင့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းပမာဏအရ ရေးမြို့နယ်စည်ပင် သာယာရေးအဖွဲ့တွင် အမှိုက်သိမ်းယာဉ်များ ထပ်မံတိုးချဲ့ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ နောက်ဆက်တွဲမေးခွန်းအနေနဲ့ မေးခွင့်ပြုပါ။ ကျွန်မတို့ရဲ့ ရေးမြို့နယ်မှာဆိုရင် အမှိုက်သိမ်းယာဉ် ခုနစ်စီးလို့ဖြေသွားတာ ကြားသိရပါတယ်ရှင့်။ အဲ့ဒီ့ထဲမှာ ကျွန်မတို့က ဒီအမှိုက်သိမ်းယာဉ်ရှိရဲ့သားနဲ့ တချို့ကျေးရွာတွေ၊ တချို့မြို့နယ်တွေမှာ အမှိုက်သိမ်းယာဉ် လခပေ့ါနော်။ ကျွန်မတို့က လစာတစ်လကို ဘယ်လောက်နှုန်းနဲ့ပေးနေရပြီးတော့ အမှိုက်သိမ်းယူမှုအားနည်းနေတာကိုလည်း ကျွန်မတို့ တွေ့ရှိရပါတယ်။ အဲ့လိုမျိုး အမှိုက်သိမ်း

ယူမှု အားနည်းနေတဲ့ဝန်ထမ်းတွေကို အရေးယူမှုအစီအစဉ်ရှိ/မရှိကိုလည်း သိရှိလိုပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းပြန်မေးပါ။ သိပ်ပြီးတော့ မရှင်းပါဘူး။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ ကျွန်မတို့ရဲ့ မြို့နယ်မှာဆိုရင် အမှိုက်သိမ်းယာဉ် တစ်လဆိုရင် ဥပမာ-လခပေါ့နော်။ အမှိုက်သိမ်းယာဉ်နှုန်းထားကောက်ခံမှုရှိပါတယ်ရှင့်။ အဲ့ဒီ့ထဲမှာ ပြည်သူလူထုတွေက အမှိုက်သိမ်းဖို့ လခပေးနေရပြီးတော့ တကယ်လည်း အမှိုက်သိမ်းယူမှုအားနည်းနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အဲ့လိုမျိုး အမှိုက်သိမ်းယူမှုအားနည်းနေတဲ့ ဝန်ထမ်းများကို အရေးယူမှုအစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်ရှင့်။

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အောက်မှာရှိတဲ့ သက်ဆိုင်ရာဝန်ထမ်းများပေါ့။ ဝန်ထမ်းများရဲ့ လုပ်ဆောင်မှုများ အဆင်မပြေဘူး၊ တာဝန်မကျေဘူးဆိုလို့ရှိရင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီက စိစစ်ကြီးကြပ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားတာ ဖြစ်ပါတယ်။ ထိုနည်းတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း သူ့အထက်မှာရှိတဲ့အတွက်ကြောင့် သူတို့စိစစ်ကြီးကြပ်ပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့အချက်ဟာ တကယ်လို့ သူတို့မှာ တာဝန်ပျက်ကွက်မှုရှိလို့ရှိရင် သက်ဆိုင်ရာမြို့နယ်ကသော်လည်းကောင်း၊ ပြည်သူလူထုကသော်လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကသော်လည်းကောင်း တိတိကျကျနဲ့ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီကို တိုင်ကြားပြီးတော့ အရေးယူတိုင်ကြားနိုင်ပါတယ်ခင်ဗျား။

**ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးထောက်ပြခဲ့သော ဆွေးနွေးချက်များသည် အကျိုးသက်ရောက်မှုရှိ/မရှိနှင့် ဝန်ကြီးဌာနအသီးသီး၏ ဘတ်ဂျက်သုံးစွဲမှုအပေါ် စျေးနှုန်းများပြန်လည်ညှိနှိုင်းခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ဖြစ်တဲ့ ၁၀-၂-၂၀၁၄ ရက်နေ့မှာ ၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းဥပဒေကြမ်းနောက်ဆက်တွဲစာအုပ်ပါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး

ဌာန BE ဘတ်ဂျက်အပေါ်မှာ ဝေဖန်ထောက်ပြဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ အဲ့ဒီမှာတုန်းက ကျွန်တော်ဆွေးနွေးသွားတာဆိုရင် ကျွန်တော်တို့ ကယားပြည်နယ်အနေနဲ့ဆိုရင် ကျေးလက်အိမ်ယာများဟာလည်း အထူးတလည်မလိုအပ်ပါကြောင်း၊ ကျွန်တော်တို့ နယ်မြို့တွေကိုပေးတာထက်စာရင် ရန်ကုန်၊ မန္တလေးမြို့ကြီးများ ဆင်ခြေဖုန်းရပ်ကွက်တွေမှာ အိမ်မဲ့ယာမဲ့တွေ ကျူးကျော်တွေမြောက်မြားစွာရှိနေပါကြောင်း၊ ၎င်းတို့အတွက် ဦးစားပေးသင့်ပါကြောင်း ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်မှာ ကျွန်တော်တို့ ဝန်ကြီးနယ်လှည့်ခရီးစဉ်အတွက်ဆို ကားတွေ ဘတ်ဂျက်ပေါ်မှာတင်တောင်းတာကို ကျွန်တော် ကြည့်ပြီးတော့ Myanmar Grand Tiger Double Cab တစ်စီးကို ကျပ်သိန်း ၅၇၀ တွေ့ရှိပါတယ်။ အဲ့ဒါကို ကျွန်တော်စျေးတော့များနေပြီ။ ဒါ့ကြောင့်ကျွန်တော်တို့ ဆက်ပြီးတော့ ရှာဖွေတဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနမှာပဲ အဲ့ဒီ Myanmar Grand Tiger Double Cab တစ်စီးကိုပဲ ကျပ်သိန်း ၃၈၀ သာတောင်းခံထားပါကြောင်း စသဖြင့် ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။ အဲ့လိုပဲ ကျန်းမာရေးဝန်ကြီးဌာနမှာပဲ ဆက်ပြီးတော့ရှာရင်းနဲ့ ကားကုမ္ပဏီလည်းတူတယ်။ အမျိုးအစားလည်းတူတယ်။ မော်ဒန်မြင့်ကားကစျေးနည်းနေပြီးတော့ မော်ဒန်နိမ့်ကားကျတော့ စျေးများနေတာကို တွေ့ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ အခုလိုကိစ္စတွေကို တခြားသောဝန်ကြီးဌာနများမှာလည်း မြောက်မြားစွာကျန်ရှိနေသေးပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဝေဖန်ထောက်ပြခဲ့တဲ့ ဆွေးနွေးချက်တွေဟာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးပေါ်မှာ သက်ရောက်မှုရှိ/မရှိနဲ့ ပစ္စည်းဝယ်ယူတဲ့အခါမှာ ဘတ်ဂျက်သုံးစွဲမှုအပေါ် စျေးနှုန်းများ ပြန်လည်ညှိနှိုင်းခြင်းရှိ/မရှိကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်း မေးမြန်းတဲ့ ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဖြစ်တဲ့ ၁၀-၂-၂၀၁၄ ရက်နေ့

မှာ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးထောက်ပြခဲ့တဲ့ ဆွေးနွေးချက်တွေဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအပေါ် ဒါမှမဟုတ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိနဲ့ ဝန်ကြီးဌာနအသီးသီးရဲ့ ပစ္စည်းဝယ်ယူရန် ဘတ်ဂျက်သုံးစွဲမှုပေါ် ဈေးနှုန်းတွေပြန်လည်ညှိနိုင်းခြင်း ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လှဲ့လှဲ့သိန်းမှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနောက်ဆက်တွဲ(၂) စာအုပ်ပါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ရဲ့ BE ဘတ်ဂျက်အပေါ် ကိုယ်စားလှယ်ကြီးကနေပြီးတော့ ဒီငွေလုံးငွေရင်းခေါင်းစဉ် မော်တော်ကားတွေဝယ်ယူဖို့အတွက် ဘတ်ဂျက်စာရင်းကိုဆွေးနွေးတဲ့အခါမှာ စက်မှုဝန်ကြီးဌာနထုတ်ဖြစ်တဲ့ Myanmar Grand Tiger Double Cab တစ်စီးမှာ ကျပ်သိန်း ၅၇၀ အဲ့ဒီကားကိုဝယ်တဲ့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ကျပ်သိန်း ၃၈၀ တောင်းခံထားကြောင်း ဆွေးနွေးခဲ့ပါတယ်။

ဒီ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက တောင်းခံတဲ့ ကျပ်သိန်း ၅၇၀ က Tiger Double Cab တစ်စီးမှာ သိန်း ၁၉၀ နှုန်းနဲ့ သုံးစီးအတွက်တောင်းခံခြင်း ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကတောင်းခံတဲ့ ကျပ်သိန်း ၃၈၀ ကလည်း တစ်စီးကို သိန်း ၁၉၀ နဲ့ နှစ်စီးအတွက်တောင်းခံထားခြင်းဖြစ်ပါတယ်။ အရေအတွက်ကွာခြားခြင်းဖြစ်ပြီးတော့ ဈေးနှုန်း အတူတူပင်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျွန်မတို့ ဒီဘတ်ဂျက်မှာ ငွေလုံးငွေရင်းပိုင်းမှာ ဆိုရင် ကျွန်မတို့ စက်ပစ္စည်း၊ ဆောက်လုပ်ရေးနဲ့ အခြားဆိုပြီးတော့ ကျွန်မတို့ ပါရှိတဲ့အနက်မှာ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းတွေက လျာထားတဲ့စက်ပစ္စည်းကဏ္ဍဘတ်ဂျက်ကို စက်ပစ္စည်း ကြီးကြပ်မှုကော်မတီကနေပြီးတော့ စိစစ်ပါတယ်။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီအနေနဲ့ ဒီ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းတွေက ဘတ်ဂျက်လျာထားတဲ့အခါမှာ တစ်ပြေးညီဖြစ်စေဖို့ အတွက် နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံတွေကထုတ်လုပ်တဲ့ ယာဉ်၊ စက်ကြီးယန္တရား၊ စက်ပစ္စည်းတွေနဲ့ ပရိဘောဂတွေရဲ့ဈေးနှုန်းတွေ ပြည်တွင်းကုမ္ပဏီတွေကနေပြီးတော့ တင်သွင်းဖြန့်ချိတဲ့ ရုံးသုံးစက်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေကို ဘတ်ဂျက်နှစ်အလိုက်စုစည်းပြီးတော့ ဈေးနှုန်း စာရင်း Price List ကို ပြုစုပြီးတော့ ကျွန်မတို့ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေကို ကြိုတင်ပြီးတော့ ဖြန့်ဝေပေးထားပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းတွေကနေပြီးတော့ ဘတ်ဂျက်လျာထားမှုကို တင်ပြတဲ့အခါမှာလည်း ဒီဈေးနှုန်းစာရင်းပါ ဈေးနှုန်းတွေနဲ့ ကိုက်ညီမှုရှိ/မရှိ စိစစ်ပါတယ်။ ကိုက်ညီမှု

မရှိပါကလည်း ဈေးနှုန်းစာရင်းပါဈေးနှုန်းအတိုင်း ပြန်လည်ပြီးတော့ အဆိုပြုခိုင်းပါတယ်။ စက်မှုဝန်ကြီးဌာနထုတ် မော်တော်ယာဉ်တွေဝယ်ယူဖို့ ဘတ်ဂျက်လျာထားတဲ့အခါမှာလည်း ဈေးနှုန်းစာရင်းပါ စက်မှုဝန်ကြီးဌာနက ပေးပို့ထားတဲ့ ယာဉ်အမျိုးအစားအလိုက် ဈေးနှုန်းများအတိုင်း ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများအားလုံး တစ်ပြေးညီ လျာထားဖို့အတွက် စိစစ်ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

အထက်ပါအတိုင်း စိစစ်ပြီးမှသာပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်တင်ပြပါတယ်။ ဘတ်ဂျက်ရရှိတဲ့ပစ္စည်းတွေကို ဝယ်ယူတဲ့အခါမှာလည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတော်သမ္မတရုံးက တင်ဒါစနစ်နဲ့ ပွင့်လင်းမြင်သာမှုရှိစွာ ဝယ်ယူဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ နောက်တစ်ခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကနေပြီးတော့ အိမ်ယာစီမံကိန်းတွေဟာလည်း တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ ဖြန့်ဖြူးပြီးတော့ ဆောင်ရွက်တာဆိုတာ ကျွန်မတို့က ဆင်းရဲနွမ်းပါးမှုနှုန်းကိုကြည့်မယ်ဆိုရင် ကျွန်မတို့ တိုင်းတာခဲ့တဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းအရဆိုရင် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုက မြို့ပြဆင်းရဲနွမ်းပါးမှုထက်ကို မြင့်မားတဲ့အတွက်ကြောင့်မို့လို့ တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ ကျေးလက်ဒေသဖွံ့ဖြိုးမှု ဖြစ်လာအောင်၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းလာအောင် စသဖြင့် ဒါကိုရည်ရွယ်ပြီးတော့ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ရှင့်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် နည်းဥပဒေပုဒ်မ ၁၄၄(က)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းလိုပါတယ်။ ကျွန်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြေသွားတာရှိပါတယ်။ ကျေးလက်အိမ်ရာတွေမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ နယ်တွေမှာပိုပြီးတော့ ကွာဟချက်များတယ်ဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ ကချင်ပြည်နယ်မှာကျတော့ ၃၆ လုံးပဲရှိပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်မှာ အလုံး ၅၀၀ ကျော်ရပါတယ်။ ဝမ်းသာပါတယ်။ ဒါပေမယ့် မျှမျှတတလေး ဖြစ်စေချင်တာကို ကျွန်တော်ပြောပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ Myanmar Grand Tiger Double Cab တစ်စီးကို သိန်း ၅၇၀ ဆိုတာကို ကျွန်တော် ဘတ်ဂျက်စာအုပ်ထဲမှာ ကြည့်တာတော့ ဒီတိုင်းပဲမြင်လို့ဖြစ်ပါတယ်။ ကျွန်တော်မှားရင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ပေးဖို့ တစ်ခါတည်း တောင်းပန်အပ်ပါတယ်။ ဒါပေမယ့်လို့ ကျန်းမာရေးဝန်ကြီးဌာနက မော်ဒန်မြင့်ကားက ဈေးနည်းပြီးတော့ မော်ဒန်နိမ့်ကားကဈေးများတယ်ဆိုတဲ့အကြောင်းလေးကိုလည်း ရှင်းလင်းခွင့်ရှိမယ်

ဆိုရင် ရှင်းပြပေးနိုင်မယ်ဆိုရင် ရှင်းပြပေးနိုင်ရန် တစ်ဆက်တစ်စပ်တည်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ပေါ့နော်။ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးကို ဆောင်ရွက်တဲ့အခါကျတော့ နှစ်အလိုက်နှစ်အလိုက် ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ ဒီလိုမျိုးပေါ့။ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ဒီနှစ်ထဲမှာပဲ ကချင်၊ ကယား၊ ကရင်၊ ချင်း ဒါဆိုလို့ရှိရင် အရေအတွက်တူသလိုမျိုး မဟုတ်ပါဘူး။ ဦးစားပေးအလိုက် ဒီနှစ်မှာ ဘယ်ပြည်နယ်/တိုင်းဒေသကြီးကိုတော့ ဘယ်လိုဦးစားပေးမယ်။ နောက်နှစ်မှာတော့ ကျန်တဲ့ ပြည်နယ်/တိုင်းဒေသကြီးတွေမှာ ဘယ်ပြည်နယ်/တိုင်းဒေသကြီးကို ဦးစားပေးမယ် စသဖြင့် ဒါကို ဦးစားပေးအစီအစဉ်အလိုက် ကျွန်မတို့က ဒီဟာဆောင်ရွက်သွားခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ နောက်တစ်ခါ ဒီခုနက ကျွန်မတို့ စက်ပစ္စည်းပေါ့နော်။ ဝယ်ယူရေးနှင့် ပတ်သက်ပြီးတဲ့အခါမှာလည်း ကျွန်မတို့ ငွေလုံးငွေရင်းနှင့်ပတ်သက်ပြီးတော့ ကျွန်မခုနက ရှင်းလင်းတင်ပြခဲ့သလိုပါပဲ။ ဆောက်လုပ်ရေးနဲ့ ပတ်သက်တယ်ဆိုရင်လည်း ကျွန်မတို့ ဒီဆောက်လုပ်ရေးကော်မတီ ရှိပါတယ်။ စက်ပစ္စည်းဆိုရင်လည်း ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာနဦးစီးတဲ့ စက်ပစ္စည်းကြီးကြပ်မှုကော်မတီကနေပြီးတော့ ဒီဘတ်ဂျက်ကို စိစစ်ပြီးတော့မှ ဈေးနှုန်းရော၊ အရည်အတွက်ရောအကုန်လုံး စိစစ်ပြီးတော့ ကျွန်မတို့ အစိုးရအဖွဲ့ကို တင်ပြပါတယ်။ ကျွန်မတို့ ဒီဘက်ကလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောသလိုပဲ ကျွန်မတို့ ပြန်ပြီးတော့ ဒါကို ဒီဟာဒီနှစ်၊ နောက်နှစ်တွေမှာလည်း ပြန်ပြီးတော့ ကြည့်ပေးပါမယ်ဆိုတာလည်း ကျွန်မ ရှင်းလင်းတင်ပြအပ်ပါတယ်ရှင့်။

**လွှတ်တော်က ခွင့်ပြုပေးခဲ့သည့်ဘတ်ဂျက်ငွေများအား အပြည့်အဝသုံးစွဲခြင်းမရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအား ထိန်းသိမ်းမည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရှာငံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမဲဆန္ဒနယ်က ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စက်တင်ဘာလ ၁၆ ရက်နေ့တွင်ပြုလုပ်သော (၁၁)ကြိမ်မြောက် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးတွင်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရသစ်လက်ထက်တွင် စီမံကိန်းများဆောင်ရွက်ရန် ဝန်ကြီးဌာနအသီးသီးက တောင်းခံထားသည့် ဘဏ္ဍာငွေများကို လွှတ်တော်ကခွင့်ပြုပေးခဲ့သော်လည်း တစ်ဝက်ကိုသာ စီမံကိန်းတွင်သုံးပြီး ကျန်တစ်ဝက်မှ အစိုးရဌာနတွင်း လာဘ်စားမှုများကြောင့်ကုန်သွားကြောင်း ပွဲဈေးတန်းမှာ ဇီးသီးဗန်း မှောက်ကျသလိုပဲ မှောက်လည်းကျရော ဟိုလူကတစ်ဆုပ်နှိုက်စား၊ ဒီလူကတစ်ဆုပ်နှိုက်စား ဇီးသီးက တစ်ဝက်လောက်ပဲကျန်တယ်။ ဘတ်ဂျက်က အဲ့ဒီလိုဖြစ်နေတယ်။ ခွင့်ပြုပေးတဲ့ကြားထဲက ဟိုလူ နှိုက်စား၊ ဒီလူနှိုက်စားနဲ့ တစ်ဝက်ပဲကျန်တယ်ဟု ပြောကြားခဲ့ကြောင်း ၁၇-၉-၂၀၁၄ ရက်နေ့သို့ The Voice Daily သတင်းစာ၏ မျက်နှာဖုံးတွင်ဖော်ပြထားသည်ကို တွေ့ရှိဖတ်ရှုလိုက်ရပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးပြောသကဲ့သို့ပင် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ရှိ မြို့ကြီး (အ.ထ.က) နှင့် မြိုင် (အ.ထ.က)ကျောင်းများတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အတွင်း အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်များ ဆောက်လုပ်ရန်အတွက် အခြေခံပညာဦးစီးဌာနမှ တိုက်ရိုက်ချပေးလိုက်သည်ဟုဆိုပြီး ရှမ်းပြည်နယ်၊ တောင်ကြီးမြို့အခြေစိုက် ကုမ္ပဏီတစ်ခုမှ တာဝန်ယူလာရောက်ဆောက်လုပ်ပေးခဲ့ရာ သစ်အမျိုးအစားမှန်ကန်မှုမရှိခြင်း၊ အောက်ခြေအုတ်မြစ်(ဖောင်ဒေးရှင်း)များကို ပြီးစလွယ်ပြုလုပ်ထားခြင်း၊ အဆောက်အဦမှာလည်း စနစ်တကျမရှိခြင်း၊ အမိုးမိုးရာတွင်လည်း နည်းလမ်းမကျ၍ မိုးယိုခြင်းများဖြစ်နေကြောင်း မဲဆန္ဒရှင် များ၏ တင်ပြပြောဆိုချက်အရ သွားရောက်ကြည့်ရှုခဲ့ရာ မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။ တာဝန်ရှိ သည့်မြို့နယ်ပညာရေးမှူးအပါအဝင် မြို့နယ်အဆင့်တာဝန်ရှိသူများကို ပြောဆိုသည့်အခါတွင်မှ ကုမ္ပဏီမှလာရောက်ပြင်ဆင်ပေးခဲ့ပါသည်။ မည်သို့ပင်ပြန်လည်ပြင်ဆင်ပေးစေကာမူ အစမကောင်း၍ အနှောင်းသေချာမည်မဟုတ်ပါ။

ထို့အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနများမှ တာဝန်ယူဆောင်ရွက်နေသည့် လမ်းများ၊ တံတားများ၊ စိမ့်စမ်းရေသွယ် လုပ်ငန်းများအပါအဝင် လုပ်ငန်းတိုင်းနီးပါးတွင် ချို့ယွင်းမှုများ၊ အားနည်းမှုများ၊ စနစ်မကျမှုများ ရှိနေပါသည်။ ပြည်သူပြည်သားများအဖို့ ပေးကားပေး၏ ကောင်းကောင်းမရဖြစ်နေပါသည်။ သို့ဖြစ်၍ နောက်နောင်တွင် လွှတ်တော်မှ ခွင့်ပြုလိုက်သော ဘတ်ဂျက်ငွေများအား စည်းကမ်းရှိရှိ စနစ်တကျ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြစေရန်အတွက် မည်သို့မည်ပုံကြီးကြပ်ဆောင်ရွက်

စေမည်၊ ဆောင်ရွက်သွားမည်ဆိုသည်တို့ကို မဲဆန္ဒရှင်ပြည်သူပြည်သားများက သိရှိလိုပါသဖြင့် ၎င်းတို့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သိန်းရဲ့ မေးခွန်းကို ဖြေကြားဖို့အတွက် ဒီမေးခွန်းနဲ့စပ်လျဉ်းတဲ့ဝန်ကြီးဌာနများဖြစ်တဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်များရဲ့ စစ်ဆေးတွေ့ရှိချက်များကို ပေါင်းစပ်ပြီးတော့ ကျွန်တော် ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အချိန်ယူ ဖြေနိုင်ပါတယ်။

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ ကိုယ်စားလှယ်တော်ကြီးမေးတဲ့မေးခွန်းဟာ အင်မတန်မှ ကျွန်တော်တို့တိုင်းပြည်အတွက် လိုအပ်နေတဲ့အချက်အလက်တွေ ထောက်ပြခြင်းဖြစ်ပါတယ်။ ဒီပြည့်ပြည့်စုံစုံ ဖြေကြားဖို့အတွက် ကျွန်တော်တို့ အနှစ်ချုပ်ပြီးတော့ ဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး စာရင်းစစ်ချုပ်များရဲ့ တွေ့ရှိချက်များကို ကျွန်တော်တို့ အနှစ်ချုပ်ပြီးတော့ရေးထားတာ စာမျက်နှာခြောက်မျက်နှာရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပါတယ်။ ပြည့်စုံအောင်ဖြေပေးပါ။ အချိန်ပေးပါတယ်။

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ ခြောက်မျက်နှာရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ အချုပ်ပဲတင်ပြပါမယ်။ လိုရင်းအချက်ကိုပဲ ကျွန်တော် တင်ပြပါ့မယ်။ ပြည့်စုံအောင်ဖြေပါမယ်။

**ဥက္ကဋ္ဌ**။ ။ ရပါတယ်။ အချိန်ပေးပါတယ်။

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ အဲ့ဒီတော့ အချိန်လွန်သွားမှာစိုးလို့။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ အဲ့ဒီတော့ ကျွန်တော်တို့ ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ ပြည်နယ်/တိုင်းဒေသကြီး စာရင်းစစ်ချုပ်များကတော့ စာရင်းစစ်ချုပ်ဥပဒေမှာပါတဲ့အတိုင်းပဲ ကျွန်တော်တို့ စစ်ပါတယ်။ စစ်ပြီးတော့ ဈေးနှုန်းကွာခြားချက်၊ စံနှုန်းကွာခြားချက်၊ ကွဲလွဲချက်၊ မျက်မြင်တွေ့ရှိချက်တွေအရ ပြန်လည်ပေးသွင်းနေရတာတွေလည်းပဲ သမ္မတကြီးနဲ့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြတဲ့အစီရင်ခံစာတွေမှာ ပါရှိပြီးဖြစ်ပါတယ်။ တကယ့်တကယ်တော့ အဲ့ဒီလိုပြန်လည်ပြီးတော့ ပေးသွင်းရတဲ့ကိစ္စတွေဟာ သိပ်တော့မကောင်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ Quality ကို ထိခိုက်မယ်ဆိုတာကတော့အားလုံး သိပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ပြီးပြတ်သွားအောင်၊ အချိန်မီသုံးစွဲနိုင်အောင် ဒုတိယသမ္မတ(၁) ဦးစီးတဲ့ ပြည်သူ့ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲရေးကြီးကြပ်မှုကော်မတီဆိုပြီးတော့ ဖွဲ့ထားတာရှိပါတယ်။ အဲ့ဒီမှာလည်း ကျွန်တော်တို့ရုံးက ကော်မတီအဖွဲ့ဝင်တွေလည်းပါပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီမှာ ဝန်ကြီးဌာနအသီးသီးရဲ့ တစ်နှစ်လုံးရဲ့ ဘတ်ဂျက်အပြင်ကို သုံးလပတ်အလိုက် သူတို့ဘာသာသူတို့ခန့်မှန်း အဲ့ဒီအတိုင်း တကယ်သုံးစွဲနိုင်ရဲ့လားဆိုပြီးတော့ စောင့်ကြည့် Monitoring လုပ်၊ ကြီးကြပ်တွန်းအားပေးတဲ့ Magnesium လေးခုရှိနေပြီဆိုတာလေး ကျွန်တော် တင်ပြလိုပါတယ်။ ဒါကဘာလဲဆိုတော့ လွှတ်တော်က ခွင့်ပြုပေးလိုက်တဲ့ဘတ်ဂျက်ငွေများအား အပြည့်အဝသုံးခြင်းမရှိသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအား ထိန်းသိမ်းမည့်အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းအတွက်ကို ဒက်ထိ ကျွန်တော်ဖြေကြားခြင်းဖြစ်ပါတယ်။ ကျွန်တော် ပြန်ပြီးတော့ Emphasize လုပ်ပြီးတော့ တင်ပြပါ့မယ်။ ဒုတိယသမ္မတ(၁)ဦးစီးတဲ့ နိုင်ငံ့ဘဏ္ဍာငွေများ သုံးစွဲရာမှာ စနစ်တကျရှိစေရေးနှင့်လုပ်ငန်းများပြီး မြောက်စေရေးကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လစဉ်လစဉ် သုံးလပတ် Cash Roll မကိုက်ညီတဲ့ ဝန်ကြီးဌာနများကို ဖိတ်ကြားပြီးတော့ ဆွေးနွေးရှင်းလင်း တင်ပြခိုင်းခြင်း၊ ကြီးကြပ်ခြင်း လိုအပ်လျှင် ကွင်းဆင်းပြီးတော့ စစ်ဖို့ဆိုတဲ့အစီအစဉ်လည်းရှိပါတယ်။ ဒါလေး ကျွန်တော်တင်ပြလိုပါတယ်။

နောက်တစ်ခါ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့မေးခွန်းထဲမှာ ပတ်သက်တဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီကနေတစ်ဆင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများကို ထုတ်ပေးပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဥက္ကဋ္ဌများအစီအစဉ်ဖြင့် လုပ်ငန်းကြပ်မတ်ဆောင်ရွက်စေတယ်လို့ သိရပါတယ်။ လမ်းတံတားလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတိုင်းအတွက် အသေးစိတ်တွက်ချက်မှုစာရင်း BQ များနှင့် Estimate များကို ဒေသမှတစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကို တင်ပြရပါတယ်။ ဌာနကနေ တည်ဆောက်ရေးလုပ်ငန်းဆပ်ကော်မတီရဲ့ အတည်ပြုချက်နဲ့ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း လုပ်ငန်းပြီးစီးမှုမှတ်တမ်းဓာတ်ပုံများ၊ အစီရင်ခံစာများအရ ပထမအရစ်၊ ဒုတိယအရစ် ၅၀ ရာခိုင်နှုန်းစီ နှစ်ရစ်ခွဲ၍ ငွေထုတ်ခွင့်ပြုကြောင်း သိရပါတယ်။ ယခုအခါ ၎င်းဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်အရ ဆောင်ရွက်ပေးရသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအား အသိပေးစာပေးပို့ပြီးတော့ ကိုယ်စားလှယ်တော်ကြီးများကပါစောင့်ကြည့် ကြပ်မတ်စေနိုင်အောင်လို့ အစီအမံလေးထုတ်ပြီးတော့ လုပ်ထားတယ်လို့ ပြန်ကြားထားပါတယ်လို့ သိရပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေနဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကဆောင်ရွက်တဲ့လုပ်ငန်းများကို စာရင်းစစ်လုပ်ငန်းဆပ်ကော်မတီဆိုပြီးတော့ ဖွဲ့ထားပါတယ်။ အဲ့ဒီမှာကျွန်တော်တို့ စာရင်းစစ်ချုပ်ရုံးကလည်း ကိုယ်စားလှယ်ထည့်ပြီးတော့ ဒေသအခြေအနေတွေပေးတဲ့အလျောက် ကွင်းဆင်းပြီးတော့ စစ်ဆေးလျက်ရှိပါတယ်။

နောက်တစ်ခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကနေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကနေစတင်ပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ ကြီးကြပ်မှုဖြင့် ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေများ၊ Drawing Limit များ လွှဲပြောင်းပေးပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က ညွှန်ကြားထားတဲ့ တင်ဒါခေါ်ယူရေးစနစ်နဲ့ လုပ်ငန်းဆောင်ရွက်စေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများ ဆောင်ရွက်ရာမှာ အရည်အသွေးကောင်းမွန်ရေးနှင့် အချိန်မီပြီးစီးရေးအတွက် အရည်အသွေးစိစစ်ရေး (Quality Control) အဖွဲ့များဖွဲ့စည်းပြီးတော့ ကွင်းဆင်းစစ်ဆေးတဲ့စစ်ဆေးချက်များအရ တိုင်းဒေသကြီး/

ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်တယ်။ လုပ်ငန်းများဆောင်ရွက်ပြီးလို့ရှိရင်လည်း ဒေသစာရင်းစစ်ချုပ်ရုံးများရဲ့ စစ်ဆေးမှုကိုခံယူတယ်။ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီးတော့ အပ်နှံထားတဲ့လုပ်ငန်း အာမခံစပေါ်ငွေများ ပြန်လည်ထုတ်ပေးတယ်။ နှစ်နှစ်အတွင်းပျက်စီးပါက ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်ပေးဖို့ စာချုပ်ထဲမှာ ထည့်သွင်းချုပ်ဆိုထားတယ် စသည်ဖြင့် အစီအမံများနဲ့ ဆောင်ရွက်တယ်လို့ ပြန်ကြားထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ကျောင်းတွေမှာ ချို့ယွင်းနေတယ်ဆိုတာလည်း မှန်ပါတယ်။ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရဲ့ စစ်ဆေးတွေ့ရှိချက်မှာလည်း ဒီလိုအချက်အလက်တွေကို ထောက်ပြပြီးတော့ သက်ဆိုင်ရာဝန်ကြီးကို Management Letter ပေးပြီးတော့ အရေးယူဆောင်ရွက်ဖို့ တွန်းအားပေးထားတာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒါတွေအားလုံးခြုံပြီးကြည့်မယ်ဆိုလို့ရှိရင် စာရင်းစစ်ချုပ်ရုံးကစစ်တယ်ဆိုတာလည်းပဲ လုပ်ငန်းပြီးစီးမှုစစ်တာဖြစ်တဲ့အတွက် သိပ်ပြီးတော့ Ensure မကောင်းဘူးလို့ ကျွန်တော် မြင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း လုပ်ငန်းဆောင်ရွက်နေဆဲမှာကိုပဲ ဒီနေရာမှာ သွားပြီးတော့ စစ်ဖို့ဆေးဖို့ဆိုတာ ကျွန်တော်တို့ဝန်ထမ်းအင်အားနဲ့ မဖြစ်နိုင်ပါဘူး။ တကယ့်တကယ်တော့ စာရင်းစစ်များဟာ စာရင်းကိုသာကျွမ်းကျင်တာဖြစ်ပြီးတော့ ဒီလိုအင်ဂျင်နီယာ ဘာညာကိစ္စတွေမှာ သိပ်ပြီးတော့တော့ ထဲထဲဝင်ဝင် သိထားတာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အခုနက ဒုတိယသမ္မတ(၁)ဦးစီးတဲ့ ကော်မတီအစည်းအဝေးမှာ ကျွန်တော် အကြံပြုခဲ့တာရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ လွှတ်တော်က ချမှတ်ပေးလိုက်တဲ့ရန်ပုံငွေကို ထိုက်ထိုက်တန်တန်နဲ့ အချိန်မီပြီးစီးရေးအတွက် ကိုယ်တိုင်ကြပ်မတ်ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ အနီးကပ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့ပြီးတော့ ဆောက်နေဆဲမှာကို စဉ်ဆက်မပြတ်စောင့်ကြည့်နေရမှာဖြစ်ပါတယ်။ ဆောက်လုပ်ပြီးမှသွားကြည့်လို့ရှိရင်လည်း ကျွန်တော်တို့က မျက်နှာကြက်ရဲ့ အပေါ်မှာ ထုတ်တန်းတွေ၊ ဒိုင်းတန်းတွေ၊ မြားတန်းတွေဟာ ဘာအသားနဲ့သုံးထားတယ်ဆိုတာ ကျွန်တော်တို့ မကြည့်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဆောက်နေဆဲမှာကို စောင့်ကြည့်တဲ့စနစ်ရှိဖို့လိုပါတယ်လို့ ကျွန်တော် အကြံပြုခဲ့ပါတယ်။

ဝန်ကြီးဌာနအဖွဲ့အစည်းများဟာ သာမန်အသုံးစရိတ်ဘတ်ဂျက်ခွင့်ပြုငွေနဲ့ ဆောင်ရွက်တဲ့ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းတွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်တဲ့တည်ဆောက်ရေးလုပ်ငန်းများဟာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးဖို့ တာဝန်ရှိပါတယ်။ ပြီးစီးရန်အပြင်ကို အရည်အသွေးသတ်မှတ်ချက် ပြည့်မီဖို့လည်း ကြီးကြပ်ဖို့

တာဝန်ရှိပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရတဲ့ ဝန်ကြီးဌာနများဟာ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လုပ်ငန်းများအချိန်မီပြီးစီးအောင် ဘဏ္ဍာရေးနှစ်စပြီးတော့ ဧပြီလမှစပြီးတော့ ဆောင်ရွက်ဖို့၊ ဒါ Time Line ချပြီးတော့ ဆောင်ရွက်ဖို့ဆိုတာ စဉ်ဆက်မပြတ် ကျွန်တော်တို့တွေ တွန်းအားပေးလျက်ရှိပါတယ်။ ဒုတိယသမ္မတ(၁) ဦးစီးတဲ့ကော်မတီကလည်း ဒီအတိုင်းပဲညွှန်ကြားထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဘဏ္ဍာရေးနှစ်အစဖြစ်တဲ့ ဧပြီ၊ မေ၊ ဇွန် ဆိုတဲ့သုံးလ လောက်အတွင်းမှာကိုပဲ တည်ဆောက်ရေးကော်မတီရဲ့ခွင့်ပြုချက် Technical Sanction ရဖို့၊ တင်ဒါခေါ်ဖို့၊ လုပ်ငန်းအပ်နှံစာချုပ်တွေချုပ်ဆိုပေးဖို့ သုံးလအတွင်း ဆောင်ရွက်မှသာလျှင် တကယ့်ကွင်းလုပ်ငန်းကို ဆောင်ရွက်ဖို့က ကိုးလလောက်အချိန်ယူရမှာဖြစ်ပါတယ်။ ဒါမှသာလျှင် ပြီးမှာဖြစ်ပါတယ်။

ဌာနအဖွဲ့အစည်းများအနေနဲ့ ဖြစ်နိုင်လို့ရှိရင်တော့ ဘဏ္ဍာရေးနှစ်ရဲ့ ဒီဇင်ဘာလလောက်မှာကိုလုပ်ငန်းများပြီးစီးအောင် ကြိုးကြပ်ဆောင်ရွက်စေသင့်ပါတယ်။ အဲ့ဒီလိုအချိန်မီပြီးမှလည်းပဲ ကျွန်တော်တို့က စံချိန်စံညွှန်းမကိုက်ညီတဲ့ကိစ္စတွေကို စဉ်ဆက်မပြတ်စောင့်ကြည့်တဲ့စနစ်ကလေး ထည့်ပေးမှပဲဖြစ်မှာဖြစ်ပါတယ်။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းဟာ လွှတ်တော်က ခွင့်ပြုပေးခဲ့တဲ့ဘတ်ဂျက်ငွေများအား အပြည့်အဝသုံးစွဲခြင်းမရှိသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအား ထိန်းသိမ်းမည့်အစီအစဉ်ရှိ/မရှိဆိုတာ ကျွန်တော်တို့ ပြည်ထောင်စုအဆင့်မှာတော့ အခုနကပြောသလို ဒုတိယသမ္မတ(၁) ဦးစီးတဲ့အဖွဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ ပြည်နယ်/တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးများက စစ်ဆေးတဲ့အစီအမံ မလုံလောက်ဘူးလို့ဘဲ ကျွန်တော် တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများကနေ အလေးထားလိုက်နာဆောင်ရွက်မှုများပြုလုပ်ပင်ပြုလုပ်နေကြသော်လည်းပဲ အဲ့ဒါကို ကျွန်တော်တို့က Monitoring လုပ်ဖို့လိုပါတယ်။ ဒေသခံပြည်သူများ၊ ဒေသခံသတင်းမီဒီယာများ၊ ဒေသခံလွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များကပါမိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်စောင့်ကြပ်ထိန်းသိမ်းဖို့ကလည်းပဲ တစ်တပ်တစ်အားအင်မတန်အားထားလောက်တဲ့ အစီအမံဖြစ်ပါတယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲ့ဒီလိုစောင့်ကြည့်ပြီးတဲ့အခါမှာ လွဲမှားနေတဲ့အချက်ကိုတွေ့လို့ရှိရင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းမှာပဲ လုပ်ငန်းဆောင်ရွက်နေဆဲအချိန်မှာပဲ သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုက်ရိုက်အသိပေးပြီးတော့ ဆောင်ရွက်စေခိုင်းလို့ရှိရင်တော့ ပိုမိုထိရောက်မယ်လို့ ယူဆပါတယ်။ အားလုံး ဝန်ကြီးဌာနသုံးခုနဲ့ ကျွန်တော်တို့

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့အနေအထားများကို စုစည်းပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြား ခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အကယ်လို့ ယခုမေးတဲ့ ဦးအောင်သိန်း မေးခွန်းနဲ့သက်ဆိုင်တဲ့ကိစ္စများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အကယ်လို့များ ပြန်ဖြေဖို့လိုတယ်ဆို လို့ရှိရင်လည်း ဆက်လက်ပြီးတော့ ဖြေဆိုပေးစေချင်ပါတယ်။

**ဒေါ်လဲလဲသိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဒီကိစ္စလေးနဲ့ပတ်သက်ပြီး တော့လည်း ကျွန်မ အမျိုးသားလွှတ်တော်မှာလည်း တစ်ခါဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မတို့ အမျိုး သားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနအနေနဲ့ကတော့ နိုင်ငံပိုင်အခန်းက ဆောင်ရွက်မယ့်လုပ်ငန်းစီမံကိန်း တွေပေါ့နော်။ ဒီ Project တွေကို ကျွန်မတို့က အဆိုပြုတင်ပြတဲ့အဆင့်ကနေပြီးတော့ အကောင် အထည်ဖော်ပြီးစီးတဲ့အထိ စိစစ်တင်ပြလျက်ရှိပါတယ်။ အဲ့ဒီတော့ ကျွန်မတို့က အရင်ဆုံးပေါ့နော်။ ဝန်ကြီးဌာနတွေက သူတို့ဆောင်ရွက်ရမယ့်လုပ်ငန်းစီမံကိန်းသစ်တွေ၊ နောက်တစ်ခါ တိုးချဲ့စီမံကိန်း တွေ ဒါတွေကိုဆို ကျွန်မတို့က စီးပွားရေးတွက်ခြေကိုက်မှုအခြေအနေတွေကို ကျွန်မတို့က စိစစ်တင်ပြ နိုင်ဖို့အတွက် ကျွန်မတို့ ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင် ခံရေးဦးစီးဌာနကို ပေးပို့ကြရပါတယ်။ အဲ့ဒီလိုပေးပို့တဲ့လုပ်ငန်းစီမံကိန်းအဆိုပြုချက်မှာ ဘာတွေပါ တာလဲဆိုတဲ့အခါမှာကျတော့ သူတို့စီမံကိန်းဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်တွေ၊ ဆောင်ရွက်နိုင် စွမ်းအား၊ ကုန်ကျစရိတ်ပေါ့နော်။ နောက်တစ်ခါ အကျိုးအမြတ်ပြန်ဖော်နှုန်း၊ နောက်တစ်ခါ ဒီအကျိုး အမြတ်နဲ့ ကုန်ကျစရိတ်အချိုးစသဖြင့် သူတို့က အသေးစိတ်ပြည့်စုံစွာတင်ပြကြရပါတယ်။ ပြီးတဲ့အခါ ကျတော့မှ ကျွန်မတို့က ဒီနှစ်စဉ်စီမံကိန်းဥပဒေကို အစိုးရအဖွဲ့ကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို အတည်ပြုချက်ရယူပြီးတော့ ဒါတွေဟာ လုပ်ငန်းစီမံကိန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့အခါမှာ ဒီဝန်ကြီးဌာနတွေအနေနဲ့ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်တဲ့အချိန်မှာလည်း ပုံစံ(က)ပေါ့။ ဒါကို ကျွန်မတို့ဖြည့်သွင်းပြီးတော့ စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနကို ပေးပို့ရပါတယ်။ နောက်တစ်ခါ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေအတွက်ကိုလည်း ပုံစံ(ခ)ကို သုံးလတစ်ကြိမ် ပေးပို့ရပါတယ်။ ကျွန်မတို့ကနေပြီးတော့ ဦးစီးဌာနကဝန်ထမ်းများကလည်း မြေပြင်ကိုသွားရောက်ပြီးတော့ သူတို့

ဖော်ပြထားတာနဲ့ လက်တွေ့အခြေအနေဟာ ကိုက်ညီမှုရှိ/မရှိကို ကျွန်မတို့က စိစစ်တင်ပြလျက် ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

သို့ရာတွင် ကျွန်မတို့က ဒီဦးစီးဌာနမှာတော့ ရှိတဲ့လူအင်အားနဲ့ ကျွန်မတို့သည် ဒီပြည်နယ်/တိုင်းဒေသကြီးတွေ အကုန်လုံးသွားရောက်ရတဲ့ အတွက်ကြောင့်မို့လို့ အကုန်လုံးပေါ့နော်။ ဒါကတော့ အကုန်လုံးဖြန့်ကြက်ပြီးတော့ မသွားနိုင်ပေမယ့် ကျွန်မတို့သည် တိုင်းအလိုက်၊ ခရိုင်အလိုက် စသဖြင့် အကုန်လုံးကို တိုင်းဒေသကြီး/ပြည်နယ် အားလုံးကို ကျွန်မတို့က သွားရောက်ပြီးတော့၊ ကွင်းဆင်းပြီးတော့ ကြည့်ရှုပြီးတဲ့အခါမှာ ဆောင်ရွက်နိုင်မှုအခြေအနေပေါ့နော်။ ပြီးစီးမှုအခြေအနေ။ ဒီနှစ်အတွင်းမှာ ပြီးမယ်လို့ဖော်ပြပေမယ့် ငါးလ၊ ခြောက်လမှာ သူ ၁၀ ရာခိုင်နှုန်းပဲပြီးသေးတယ်။ ၂၀ ရာခိုင်နှုန်းပဲ ပြီးသေးတယ်စသဖြင့် ကျွန်မတို့က ဒီအခြေအနေတွေကိုလည်း ကျွန်မတို့က ဒီဟာကို ပြုစုပြီးတော့ အထက်အဖွဲ့အစည်းကို အစီရင်ခံတင်ပြလျက်ရှိကြောင်း ရှင်းလင်းအပ်ပါတယ်ရှင်။ ဒါလည်း Monitoring System တစ်ခုလို့ပဲ ကျွန်မအနေနဲ့ တင်ပြချင်ပါတယ်ရှင်။

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ခုနက ကိုယ်စားလှယ်တော်ကြီး ဦးအောင်သိန်း မေးတဲ့မေးခွန်းပေါ့။ သက်ဆိုင်ရာ အဖွဲ့အစည်းများက ထိန်းသိမ်းမည့်အစီအစဉ်ဆိုတာလေးက အင်မတန်ကောင်းပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဒုတိယသမ္မတ(၁)ကော်မတီဆိုတာလည်း ကျွန်တော် အကြမ်းဖျင်းတင်ပြခဲ့ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့က ဆပ်ကော်မတီ သုံးခုဖွဲ့ပါတယ်။ ဆပ်ကော်မတီ တစ်ခုကတော့ ကျွန်တော်တို့က ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးဆောင်ပြီးတော့ သာမန်အသုံးစရိတ်များ သုံးစွဲမှုကို ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ကျွန်တော်တို့က လစဉ်၊ လစဉ် စောင့်ကြပ် Monitoring လုပ်တဲ့ ကော်မတီပါ။ နောက်တစ်ခုကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်တဲ့ ဆပ်ကော်မတီတစ်ခုကတော့ ငွေလုံးငွေရင်းအသုံးစရိတ်များကို အကောင်အထည်ဖော်နိုင်မှုကို လစဉ် Monitoring လုပ်တဲ့ ဆပ်ကော်မတီတစ်ခုဖြစ်ပါတယ်။ တတိယ ဆပ်ကော်မတီကတော့ ကျွန်တော် ဦးဆောင်ရပါတယ်။ အဲ့ဒါဘာလဲဆိုတော့ စာရင်းစစ်ကန့်ကွက်ချက်များကို ဝန်ကြီးဌာနများက အကောင်အထည်ဖော်မှု၊ လိုက်နာမှု Respond ပေါ့။ အဲ့ဒါဟာ In time ဖြစ်ရဲ့လား။ ပြည့်စုံလုံလောက်ရဲ့လားဆိုတာကို စောင့်ကြည့်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဘဏ္ဍာရေးတာဝန်ခံ ဒုတိယဝန်ကြီးတို့ကို ခေါ်ယူပြီးတော့ တစ်ခါတည်း အဲ့ဒီမှာ။ တစ်နည်းအားဖြင့် ပြောရင်လည်း ဒါလွှတ်တော် အသေးစားလေးလို လုပ်နေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်သိန်း

ရဲ့ မေးခွန်းအတိုင်းပေါ့နော်။ ထိန်းသိမ်းတဲ့အစီအစဉ်ဆိုတာ ဒါကတော့ ကျွန်တော်တို့က စာရွက်ပေါ်မှာ အချက်အလက်နဲ့ကြည့်ပြီးတော့ ထိန်းသိမ်းတာပဲဖြစ်ပါတယ်။ တကယ့်မျက်မြင် ထိန်းသိမ်းမှုကတော့ ဒေသခံ၊ ဒေသမှာကို ရှိဖို့လိုအပ်ပါတယ်လို့ ကျွန်တော် ဖြည့်စွက်တင်ပြလိုပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**အခြေခံပညာကျောင်းများမှအပ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများနှင့် အခြားကျောင်းများတွင် ကျောင်းဈေးဆိုင်ခန်း ရောင်းချရရှိငွေ၊ ငှားရမ်းခရငွေများနှင့် အခြားဝင်ငွေများရရှိမှုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ပညာရေးကဏ္ဍတိုးတက်စေရန်အတွက် ကျောင်းများနှင့် လိုအပ်သော အဆောက်အဦပရိဘောဂများနှင့် ကျောင်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်ဘတ်ဂျက်မှ သုံးစွဲခွင့်ပြုပေးလျက်ရှိပါတယ်။ အခြေခံပညာကျောင်းများမှအပ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး လက်အောက်ရှိ အခြားကျောင်းများတွင် ကျောင်းဈေးဆိုင်ဆိုင်ခန်းများ၊ ရောင်းချငွေများ၊ ငှားရမ်းခငွေများနှင့် အခြားဝင်ငွေများရရှိကြောင်း ကြားသိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါရရှိဝင်ငွေများသည် နိုင်ငံတော်ဘဏ္ဍာသို့ အပြည့်အဝအားလုံး ပေးသွင်းခြင်းရှိ/မရှိ၊ အပြည့်အဝပေးသွင်းခြင်းမရှိခဲ့လျှင် မည်သို့ထိန်းသိမ်းသုံးစွဲပါသနည်း။ သုံးစွဲမှုများကို နှစ်စဉ်စာရင်းစစ်ဆေးမှုများရှိ/မရှိ၊ အဆိုပါကျောင်းများတွင် သီးခြားရန်ပုံငွေထားရှိ ခွင့်ပြုထားသည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများရှိ/မရှိ၊ မရှိခဲ့ပါလျှင် မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ပမာဏဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က မန္တလေး တိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းထွန်းဦးရဲ့ အခြေခံပညာကျောင်းများမှအပ တက္ကသိုလ်၊ ဒီကရီကောလိပ်၊ သိပ္ပံကျောင်းများနှင့် အခြားကျောင်း များတွင် ကျောင်းဈေးဆိုင်ခန်း ရောင်းချရရှိငွေ၊ ငှားရမ်းခငွေများနှင့် အခြားဝင်ငွေများရရှိမှုနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် ပညာရေးကောလိပ်များမှာရှိတဲ့ ဈေးဆိုင်ခန်းရောင်းချရငွေများ၊ ငှားရမ်းခငွေများနှင့် အခြားရငွေများဆိုတဲ့ ခေါင်းစဉ်များရှိပါတယ်။ အဲ့ဒီအားလုံးကို နှစ်စဉ်ဘဏ္ဍာငွေအရ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေစာရင်း ရေးဆွဲရာမှာ ထည့်သွင်းရေးဆွဲပြီးတော့ ထိုရငွေများအားလုံးကို နိုင်ငံတော်သို့ အပြည့်အဝပေးသွင်းရပါတယ်။ ဈေးဆိုင်ခန်းရောင်းချရငွေ၊ ဈေးဆိုင်ခန်းငှားရမ်းခငွေများကိုလည်း ပြန်လည်သုံးစွဲခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းမှာ လျာထားပြီးတော့ သွင်းရတာဖြစ်တဲ့အတွက် ဒီဥပဒေ လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါ တယ်။ ဒါကြောင့်မို့လို့ ထိုရငွေများအားလုံးကိုလည်း နှစ်စဉ်စာရင်းစစ်အဖွဲ့မှ စစ်ဆေးလျက်ရှိ ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းအား မေးမြန်းတင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ တင်ပြပါကျောင်းများမှာ သီးခြားရန်ပုံငွေ ဖွင့်ထားခြင်းရှိ/မရှိဆိုတဲ့ ကိစ္စလေးကို ဝန်ကြီးအနေနဲ့ ဖြေကြားသွားခြင်းမရှိပါဘူး။ ဒီသီးခြားရန်ပုံငွေ ဆိုတဲ့အခါမှာ တချို့သောကျောင်းများမှာ တက္ကသိုလ်ပါမောက္ခချုပ်ကြီးများက ၎င်းတို့ရဲ့ စီမံခန့်ခွဲမှုနဲ့ ကောက်ခံတယ်။ သုံးစွဲတယ်။ ဒီလိုဆောင်ရွက်မှုမျိုးက ဘယ်လိုခွင့်ပြုချက်မျိုးတွေနဲ့လုပ်ထားပါသလဲ ဆိုတဲ့တစ်ချက် ကျွန်တော် ထပ်ဆင့်မေးမြန်းလိုပါတယ်။ နောက်တစ်ချက်ကတော့ ဌာနပိုင်အဆောက် အအုံတွေကို ဌာနကသက်သာရန်ပုံငွေဖြင့် လုပ်ငန်းများကို ဆက်လက်ငှားရမ်းခွင့်ပြုထားပါသလား

ဆိုတဲ့မေးခွန်းကို ကျွန်တော်အနေနဲ့ တစ်ဆက်တစ်စပ်တည်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီးတော့ ကျွန်တော့အနေနဲ့ ဖြေကြားခွင့်ပြုပါခင်ဗျား။ (၁) အချက်ကတော့ ကျွန်တော်တို့ သက်သာရန်ပုံငွေဆိုတာလည်း မရှိတော့ပါကြောင်း ဒါရှင်းလင်းဖြေကြားအပ်ပါတယ်။ ခုနကပြောတဲ့ ဒီပါမောက္ခချုပ်ကြီးများရဲ့ ခုနကအခြားရငွေဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဥပမာပြောရရင် အခြားရငွေမှာ Regular System ထဲမှာ နှစ်ခုရှိပါတယ်။ တစ်ခုကတော့ တက္ကသိုလ်များမှာ ကျောင်းလခတို့၊ မှတ်ပုံတင်ကြေးတို့ စသည်ဖြင့် သွင်းရတဲ့ရငွေတစ်ခုရှိပါတယ်။ အခြားရငွေများဆိုတာက ဒီကျွန်တော်တို့ တိုက်ရိုက်မသက်ဆိုင်တဲ့ ဥပမာ သတင်းစာဟောင်းများ ရောင်းချရငွေ စသည်ဖြင့် ဒီလိုခေါင်းစဉ်မျိုးနဲ့လည်း အခြားရငွေဆိုတာရှိပါတယ်။ ဒါတွေလည်း ကျွန်တော်တို့ ပေးသွင်းလျက်ရှိပါတယ်။ သီးခြားခေါင်းစဉ်များဟာလည်း ကျွန်တော်တို့ ဒါအားလုံးကို ဒီကျွန်တော်မှတ်မိသလောက်ဆိုရင်တော့ အားလုံးဟာ ဒီအရအသုံးစာရင်းထဲကို အကုန်လုံးသွင်းပြီး ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ဒီနေရာမှာ အခြားရငွေဆိုတဲ့ စကားလုံးကိုလည်း ကျွန်တော်ပြန်မေးချင်ပါတယ်။ ဘယ်လိုအခြားရငွေများကို ဆိုလိုပါသလဲလို့ ကျွန်တော့်အနေနဲ့ ထပ်မံရှင်းလင်းစွာ သိလိုပါတယ်ခင်ဗျား။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ အခြားရငွေဆိုတာက စောစောတုန်းက ကျွန်တော်တို့ ဆိုင်ခန်းငှားရမ်းခငွေအပါအဝင် အခြားသောကျွန်တော်တို့ မသိရသော ဝင်ငွေများကို ဆိုလိုခြင်းဖြစ်ပါတယ်။ မသိရသောဆိုတဲ့ဟာမှာ နည်းပေါင်းစုံရှိပါတယ်။ ဒါသည် လွှတ်တော်ကြီးမှာလည်း ပြောပြလို့မသင့်တဲ့အတွက် ကျွန်တော် မသိရငွေလို့ပဲ နာမ်စားသုံးလိုက်ခြင်းဖြစ်ပါတယ်။ တကယ်လို့များ ကျွန်တော်တို့အနေနဲ့ သီးခြားဖော်ပြပြီးတော့ စာနဲ့ပေးပို့ပါဆိုလို့ရှိရင် ကျွန်တော်တို့ ပေးပို့နိုင်ပါတယ်။ နောက်ကျွန်တော် မေးသွားတဲ့မေးခွန်းမှာ အခြားဌာနပိုင်အဆောက်အအုံတွေကို ဆက်လက်ငှားရမ်းခွင့်ရှိပါ သလားဆိုတဲ့မေးခွန်းကိုတော့ ဖြေကြားခြင်းမရှိတဲ့အတွက် ဒါလေးကို ဖြေကြားနိုင်က ဖြေကြားပေးစေလိုပါကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာ တင်ပြအပ်ပါတယ်။

**ဒေါက်တာဇော်ဝင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အနေနဲ့ကတော့ ခုနဒီအခြားရငွေ အရင်တုန်းကတော့ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်ကတည်းကရှိတဲ့ ဒီ Account တွေ Other Account လို့ခေါ်ပါတယ်။ OA Account တွေအားလုံးကတော့ ကျွန်တော်တို့ ၂၀၁၁

ခုနှစ်ကတည်းက ဒါအားလုံးကို သွင်းပြီးဖြစ်ပါတယ်။ အဲ့ဒီဟာနဲ့များ ရောနေသလားတော့ ကျွန်တော်တို့ မပြောတတ်ပါဘူး။ ဒီအဲ့ဒါတွေကတော့ အရင်တုန်းကတော့ စသည်ဖြင့်ရှိမှာပေါ့လေ။ ဒါပေမယ့် အဲ့ဒါတွေကလည်း စာရင်းစစ်ခံရပါတယ်ခင်ဗျား။ ဒီသူ့ဟာသူ Other Account ဆိုပေမယ့် အဲ့ဒီဟာအားလုံးကလည်း ကျွန်တော်တို့ ဒီမှာဥပမာပြောရရင် အစည်းအဝေးမှတ်တမ်းတို့ စသည်ဖြင့် ဒါတွေဟာရှိပါတယ်။ ဒါတွေကလည်း ၂၀၁၁ ခုနှစ်ကတည်းက အားလုံးသွင်းပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီကျောင်းတွေမှာတော့ ကျွန်တော်တို့က ဒီ MOU တို့ဘာတို့။ ဒီကျွန်တော်တို့ MOU ထိုးရင်တောင်မှ မြေငှားခအခန်းပေးရတယ်ဆိုရင်တောင်မှ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပိုင်ခွင့်မရှိပါကြောင်း ဒါငှားရမ်းခွင့်ရှိ/မရှိကို မဖြေသေးတဲ့ဟာကို ကျွန်တော့အနေနဲ့ ရှင်းလင်းဖြေကြားလိုပါတယ်။ ကျောင်းရဲ့အဆောက်အဦတွေ ငှားရမ်းခွင့်ရှိ/မရှိ ကတော့ မြေဆိုတာလည်း ကျောင်းအနေနဲ့ ဆောင်ရွက်လို့မရပါဘူး။ ထို့အတူပဲ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လို့မရပါဘူး။ ဒါဟာ နိုင်ငံပိုင်အဆောက်အဦဖြစ်တဲ့အတွက် ဝန်ကြီးဌာနအနေနဲ့လည်း ဒါကျွန်တော်တို့ဟာ ဝန်ကြီးဌာနတစ်ခုတည်းတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့တော့ ဒါတွေဟာလည်း မူအားဖြင့် ကျွန်တော်တို့ဆောင်ရွက်ခွင့်မရှိပါဘူးလို့ ကျွန်တော်အနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရလောက်ပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပြန်လည်ပြီးတော့ အစည်းအဝေးစတင်တဲ့အချိန်မှာ Open Voting စနစ်ကို ကျွန်တော်တို့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကတ်ကလေးတွေ ထိုးထားပေးပြီးတော့ ကျွန်တော်တို့ ပန်ကြားလွှာအတိုင်းဆောင်ရွက်ထားပေးဖို့ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**မူကြမ်း**

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခြင်း ရှိ/မရှိအား စိစစ်ဆောင်ရွက်နိုင်ရန်ကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးတင့်လွင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်လျက်ရှိပါတယ်။ ယင်းသို့တည်ထောင်ရာမှာ လူသားစွမ်းအားအရင်းအမြစ်များဟာ အဓိကကျလှပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ထူထောင်ရာမှာ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့စကားအတိုင်း ကလေးသူငယ်များရဲ့ပညာသင်ကြားရေးဟာ အလွန်အရေးပါတာမို့ ယခုမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနဟာ အခြေခံပညာအဆင့် အခမဲ့ပညာရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါဟာ အနာဂတ်နိုင်ငံတော်အတွက် အလွန်ဝမ်းသာဂုဏ်ယူစရာကောင်းတဲ့အချက်ပဲဖြစ်ပါတယ်။ အခမဲ့ပညာရေးဆိုတာဟာ စာသင်ကျောင်းများကို လာရောက်အပ်နှံတဲ့ကျောင်းသားများအတွက် စာရွက်စာတမ်း၊ သင်ထောက်ကူပစ္စည်းနှင့် သင်ကြားခတို့အတွက် အခမဲ့ဝန်ဆောင်မှုပေးခြင်းဖြစ်ပါတယ်။ သို့ပေမယ့်လည်း အချို့သောကလေးငယ်များမှာ မိဘများရဲ့အခြေခံပညာနည်းပါးမှု၊ ငွေကြေးချို့တဲ့မှုစသော အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကြောင့် စာသင်ခန်းများအတွင်းသို့ ရောက်ရှိနိုင်ခြင်းမရှိကြပါဘူးခင်ဗျား။ ဒါကြောင့် နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားရေးစနစ် ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း ကျောင်းနေအရွယ်

ကလေးငယ်များအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခြင်းရှိ/မရှိအား စိစစ်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် ကျောင်းနေအရွယ်ကလေးငယ်အားလုံး အစိုးရအခြေခံပညာကျောင်း သို့မဟုတ် အစိုးရအသိအမှတ်ပြုကျောင်းများသို့ မသင်မနေရသင်ယူရေး စီမံဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိစတဲ့မေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ထပ်မံဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင်ရဲ့ ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခြင်းရှိ/မရှိအား စိစစ်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားရေးစနစ် ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်းပဲ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားနိုင်ခြင်းရှိ/မရှိအား စိစစ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ဖြေကြားရမယ်ဆိုရင် ဒီကိစ္စဟာ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ဒေသအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်သွားရမည့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စိစစ်ရန်ခက်ခဲတဲ့ဒေသတွေလည်း ပါဝင်ကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားနိုင်ခြင်းရှိ/မရှိကို အပြည့်အဝ ရာနှုန်းပြည့် စိစစ်ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်းပဲ ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခြင်းရှိ/မရှိကို နှစ်စဉ် မေလ ၂၅ ရက်ကနေပြီး ၃၁ ရက်နေ့အထိ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီးတော့ ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းသို့ ရောက်ရှိအပ်နှံရေးကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး အစိုးရအခြေခံပညာကျောင်း သို့မဟုတ် အစိုးရအသိအမှတ်ပြု

ကျောင်းများသို့ မသင်မနေရသင်ယူရေး စီမံဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်းပြီးတော့ မူလတန်းမသင်မနေရ ပညာရေးစနစ်ကို စတင်အကောင်အထည်ဖော်နေသော်လည်းပဲ မူလတန်းမသင်မနေရပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါဘူး။ အဲ့ဒီတော့ အမျိုးသားပညာရေးဥပဒေနှင့်အညီသာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပညာရေးဝန်ကြီးဌာနအနေနဲ့တော့ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျောင်းသုံးစာအုပ်များ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ထောက်ပံ့ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာလည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ခြင်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်လည်းကောင်း၊ ကျောင်းသုံးပုံနှိပ်များ အခမဲ့ထောက်ပံ့ခြင်း၊ လေ့ကျင့်ခန်းစာအုပ် ၆ အုပ် ထောက်ပံ့ပေးခြင်းနှင့် စာရေးကိရိယာဝယ်ယူရန်အတွက် ငွေ ၁၀၀၀ ထောက်ပံ့ခြင်းများကိုလည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ယခုပညာသင်နှစ်မှာ အလယ်တန်းပညာရေး အခမဲ့အစီအစဉ်ကိုစတင်ပြီး အလယ်တန်းအဆင့်သင် ကျောင်းသုံးဖတ်စာအုပ်များကို အခမဲ့ထောက်ပံ့ပေးခြင်းများကို မသင်မနေရသင်ယူရေး ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးသော်လည်းပဲ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၁၆-၁၀-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်

ကအတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂၊ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနကတင်သွင်းသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့(၁၆-၉-၂၀၁၄)ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ် နိဒါန်းမှအစ အပိုဒ်ခွဲများနှင့်ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းတို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီးလွှတ်တော်ရဲ့သဘောထားရယူဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(က)အရ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် ၅၄ ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အပိုဒ် (၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက

ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ၁၆-၉-၂၀၁၄ ရက်နေ့၌ လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းတင်ပြခဲ့ပါတယ်။ ပြင်ဆင်ချက်အဆို တင်သွင်းလိုသော ကိုယ်စားလှယ်များရဲ့အမည်စာရင်းကို ၂၂-၉-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်က ပြင်ဆင်ချက်အဆို တင်သွင်းခဲ့ပါသည်။

အပိုဒ်(၂) ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၃-၉-၂၀၁၄ ရက်နေ့၊ ၄-၉-၂၀၁၄ ရက်နေ့၊ ၃၀-၉-၂၀၁၄ ရက်နေ့များတွင် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူညီချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက် ၅၄ ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အမှတ်စဉ် (၁) ဥပဒေခေါင်းစီး၊ နိဒါန်း ပြင်ဆင်ခြင်း၊ အမှတ်စဉ်(၂) အခန်း (၁) အပိုဒ်(၂) အပိုဒ်ခွဲ(ဆ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဠ)၊ အပိုဒ်ခွဲ(ဈ)၊ အမှတ်စဉ်(၃) အသစ်ဖြည့်စွက်ချက် အခန်း(၂) ရည်ရွယ်ချက်နှင့် အပိုဒ်(၃) အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်(၃) အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)၊ အမှတ်စဉ်(၄) အခန်း(၂)၊ အခန်း(၃) ကြီးကြပ်ရေးဗဟိုအဖွဲ့ဖွဲ့စည်းခြင်း၊ အပိုဒ်(၄)၊ အပိုဒ်(၅) အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ်(၅) အခန်း(၃)၊ အခန်း(၄) ကြီးကြပ်ရေးဗဟိုအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အပိုဒ်(၆) အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် (၈) အမှတ်စဉ် (၆) အခန်း(၄)၊ အခန်း(၅) ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အပိုဒ်(၉)၊ အပိုဒ်(၁၀)၊ အပိုဒ်(၁၁)၊ အမှတ်စဉ် (၇) အခန်း(၅)၊ အခန်း(၆) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် အပိုဒ်(၁၂) အသစ်ဖြည့်စွက်ချက် အပိုဒ်(၁၃)၊ အပိုဒ်(၁၇)၊ အပိုဒ်(၁၄) အပိုဒ်ခွဲ(က)နှင့်

အပိုဒ်ခွဲ(ခ)၊ အပိုဒ်(၁၅) စာချိ၊ အပိုဒ်(၁၅) အပိုဒ်ခွဲ(ခ)၊ အပိုဒ်(၁၆)၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် (၈) အခန်း(၆)၊ အခန်း(၇) စီမံခန့်ခွဲရေးဆိုင်ရာအမိန့် အပိုဒ်(၁၈) စာချိ၊ အမှတ်စဉ် (၉) အခန်း(၇)၊ အခန်း(၈) အယူခံခြင်း၊ အပိုဒ်(၁၉) အသစ်ဖြည့်စွက်ချက် အပိုဒ်(၂၀) နှင့် အပိုဒ်(၂၁) အပိုဒ်(၂၂) အပိုဒ်ခွဲ(က)နှင့်အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် (၁၀) အခန်း(၈)၊ အခန်း(၉) တားမြစ်ချက်နှင့် ပြစ်ဒဏ်၊ အပိုဒ်(၂၃) မူလအပိုဒ်(၂၀) ပယ်ဖျက်ခြင်း၊ အမှတ်စဉ် (၁၁) အခန်း(၉) ခေါင်းစဉ်ပယ်ဖျက်ခြင်း၊ အပိုဒ်(၂၄) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) မူလ အပိုဒ်(၂၂) နှင့် အပိုဒ်(၂၃) တို့အားပယ်ဖျက်ခြင်း၊ အမှတ်စဉ် (၁၂) အခန်း(၁၀) အပိုဒ် (၂၅) အသစ်ဖြည့်စွက်ချက် အပိုဒ်(၂၆)၊ အပိုဒ်(၂၈)၊ မူလ အပိုဒ်(၂၉)နှင့် အပိုဒ်(၃၀)တို့အား ပယ်ဖျက်ခြင်း၊ အပိုဒ်(၃၁)၊ အပိုဒ်(၃၂)တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြချက် ၅၄ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ပို့ဆောင်ရေးဝန်ကြီးက သဘောတူပါသလား။

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၅၄ ချက်ကို ပို့ဆောင်ရေးဝန်ကြီးက သဘောတူကြောင်းတင်ပြသွားပါတယ်။ ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် ၅၄ ချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ၅၄ ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်မှ ပြင်ဆင်အဆိုပြုချက် တစ်ပိုဒ်ချင်း စီတင်ပြပါ။

**ဦးရဲထွန်း(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင်လည်း ဖြစ်ပါတယ်။ အချမြန်မှာကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ကိုင်ခွင့်ဥပဒေကြမ်း

ပြင်ဆင်ချက်များကို ကော်မတီရဲ့ကိုယ်စား တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ (၁) အမှတ်စဉ် (၃) အခန်း(၁) မှ အသစ်ဖြည့်စွက်ချက်အနေနဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့ကို ဆိုသည်လို့ အသစ်ဖြည့်စွက်ချက်၌ ကျွန်တော် ဥပဒေကြမ်း တင်သွင်းထားပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ မူရင်းတင်သွင်းတဲ့ဥပဒေကြမ်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စု အစိုးရဆိုပြီး မကြာခဏဖော်ပြနေတဲ့အတွက်ကြောင့် ရေးသားမှုကျစ်လစ်စေရန်နဲ့ အသစ်ဖြည့်စွက် ချက်အနေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အခန်းမှာ အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်လို့ ဥပဒေကြမ်းပြင်ဆင်ချက်အနေနဲ့ တင်သွင်းရခြင်း ဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးဝန်ကြီးက ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို သဘောတူပါသလား။

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးဝန်ကြီးနဲ့ ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြသွားပါ တယ်။ လွှတ်တော်က ဦးရဲထွန်းရဲ့ အဆိုပြုတင်ပြချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိ တဲ့အတွက် ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းဆက်လက်ပြီးတော့ တစ်ပိုဒ်ချင်းစီအလိုက်တင်ပြပါ။

**ဦးရဲထွန်း(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၂ အမှတ်စဉ် (၅) အခန်း (၁) အပိုဒ် ၂ မှာ မူလဆိုပြီး ပြဋ္ဌာန်းချက်က (ဂ) ပြည်တွင်းရေကြောင်းဆိုသည်မှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော မြစ်ချောင်း၊ ကန်၊ တူး မြောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ် သောအခြားရေလမ်းတစ်ခုခုကို ဆိုသည်ဟု မူလက အဆိုပြုထားပါတယ်။ ဒါကိုကျွန်တော်တို့က အရေး အသားကျစ်ကျစ်လစ်လစ်လည်းရှိအောင်၊ မူရင်းအဓိပ္ပာယ်လည်းမပျက်ရအောင်ဆိုပြီးတော့ ပြန်လည်

ပြင်ဆင်ချက်တင်သွင်းပါတယ်။ ဒါက အပိုဒ် ၂ အပိုဒ်ခွဲ(ဇ) ပြည်တွင်းရေကြောင်းဆိုသည်မှာ နိုင်ငံတော်အတွင်း ရေယာဉ်များခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းကြောင်းတစ်ခုခုလည်း ပါဝင်သည်လို့ ပြင်ဆင်အဆိုပြုတင်သွင်းထားတာကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလားခင်ဗျား။

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလားခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ တူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးနဲ့ ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြသွားပါတယ်။ ဦးရဲထွန်းရဲ့ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးရဲထွန်း(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ပဲ စာမျက်နှာ ၂ အမှတ်စဉ် (၆) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) မူလပြဋ္ဌာန်းချက်ဟာ (ဃ) မူလရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ၊ ငှားရမ်းခ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုခုအတွက်သော်လည်းကောင်း၊ ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုအတွက်သော်လည်းကောင်း၊ ရေကြောင်းဖြင့် ဆိပ်ကမ်းတစ်ခုမှတစ်ခုသို့ဖြစ်စေ၊ နေရာတစ်ခုမှတစ်ခုသို့ဖြစ်စေ ရေယာဉ်ကိုအသုံးပြု၍ သယ်ယူပို့ဆောင်ရေးဆောင်ရွက်သော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့ကမ်းရိုးတန်း၌ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ဖြစ်စေ၊ စီးပွားရေးအလို့ငှာ ရေယာဉ်ဖြင့်လုပ်ကိုင်သောလုပ်ငန်း တစ်ခုခုလည်း ပါဝင်သည်လို့ မူလကအဆိုပြုထားပါတယ်။ ဤအဆိုပြုချက်ကလည်း အားလုံးကိုခြုံငုံပြီးတော့ အဆိုပြုတဲ့အခါမှာ အရေးအသားက နည်းနည်းဖောင်းပွနေလို့

အများကြီးအားလုံး ဖြန့်ပြီးတော့ ရေးသားထားတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒီအရေးအသားလည်း ကျစ်ကျစ်လစ်လစ်ဖြစ်အောင် မူလအဓိပ္ပာယ်လည်းမပျက်ရအောင် ဆိုလိုရင်းကိုလည်း ငုံမိအောင်ဆိုပြီးတော့ ပြန်လည်ပြင်ဆင်ပြီးတော့ ဒါအဆိုပြုတင်ပြပါတယ်။ အပိုဒ်(ည) ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်း၌ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ဖြစ်စေ၊ စီးပွားရေးအလို့ငှာ ခရီးသည်၊ ကုန်စည် သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကို ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့်လုပ်ငန်းကိုဆိုသည် ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် လုပ်ကိုင်သော အခြားလုပ်ငန်းတစ်ခုခုလည်းပါဝင်သည်လို့ ပြင်ဆင်အဆိုပြုတင်ပြရခြင်းကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးဝန်ကြီးက ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား သဘောတူပါသလားခင်ဗျား။

**ဦးညဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလားခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးဝန်ကြီးနဲ့ ဥပဒေကြမ်းကော်မတီက ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား သဘောတူကြောင်း တင်ပြသွားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်အဆိုပြုချက်ကိုသာတင်ပြပါ။ အကျိုးအကြောင်း သီးခြားဖော်ပြစရာမလိုပါဘူး။

**ဦးရဲထွန်း(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ (၃) ကန့်လန့်ဖြတ်ဇယား အပိုဒ် ၁၃ မှာ အခန်း (၂) ရည်ရွယ်ချက်က အသစ်ဖြည့်စွက်ချက်ရှိပါတယ်။ အသစ်ဖြည့်စွက်ချက်မှာ အပိုဒ် ၁၃ အပိုဒ်ခွဲ(က) ပြင်ဆင်အဆိုပြုချက်ကတော့ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ချုပ်ဆိုထားသော ရေကြောင်းသယ်ယူပို့ဆောင်ရေး

လုပ်ငန်းများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဟု ပြင်ဆင်အဆိုပြုချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလားခင်ဗျား။

**ဦးညဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလားခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးနဲ့ ဥပဒေကြမ်းကော်မတီက ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို သဘောတူကြောင်း တင်ပြသွားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ အမှတ်စဉ် (၁၇) အခန်း(၂) ပြင်ဆင်ချက်အပိုဒ်(၅) ဝန်ကြီးဌာနသည် (က) ပုဒ်မ ၄ အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း သတ်မှတ်ပေးနိုင်သည်လို့ ပြင်ဆင်ချက် အဆိုတင်သွင်းထားခြင်းအား ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလားခင်ဗျား။

**ဦးညဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလားခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးနှင့် ဥပဒေကြမ်းကော်မတီက ဦးရဲထွန်းအဆိုပြုချက်ကို သဘောတူကြောင်းတင်ပြသွားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က

ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၆ အမှတ်စဉ် (၂၀) အခန်း(၃) ပြင်ဆင်ရန်တင်ပြချက်အနေနဲ့ကတော့ အပိုဒ်(၆) အပိုဒ်ခွဲ(က) ဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်း အဖွဲ့အစည်းများနှင့်သော် လည်းကောင်း ချုပ်ဆိုထားသော သဘောတူရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် သဘောတူညီစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလို့ ဒီမှာ ကန့်လန့် ဖြတ်ဇယားမှာရေးထားပါတယ်။ ဒါပေမယ့် ကျွန်တော်မူလပြင်ဆင်ချက်အဆိုတင်တာမှာ ဒီစာလုံးတွေ နည်းနည်းပိုနေတဲ့အတွက်ကြောင့် ကျွန်တော်စာလုံးကို နည်းနည်းပြန်ပြီးတော့ ပြန်ပြင်ပါ့မယ်။ ဒေသ တွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်းအဖွဲ့အစည်းများနှင့်သော် လည်းကောင်း ချုပ်ဆိုထားသော သဘောတူဆိုတာကို ပယ်ဖျက်ရပါမယ်။ ချုပ်ဆိုထားသော ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သဘောတူမည် ဆိုတဲ့စကားလုံးကို ဖျက်ရပါမယ်။ သက်ဆိုင်သည့် သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလို့ ပြင်ဆင်ချက်တင်ထားပါတယ်ခင်ဗျား။ ဒီပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းရဲ့ အဆိုပြုတင်ပြချက်ကို ပြည်ထောင်စုဝန်ကြီးက သဘောတူပါ သလားခင်ဗျား။

**ဦးညဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလားခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးနှင့် ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြ ထားပါတယ်။ ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၇ အမှတ်စဉ် (၂၅) ပြင်ဆင် ရန်တင်ပြချက် အပိုဒ်(စ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် တာဝန်များကို ထမ်းဆောင်ခြင်းလို့ ပြင်ဆင်ချက်တင်သွားထားပါတယ်။ ဒီပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလားခင်ဗျား။

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလားခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းပြင်ဆင်အဆိုပြုချက်ကို ပြည်ထောင်စုဝန်ကြီးနှင့် ဥပဒေကြမ်းကော်မတီက သဘောတူကြောင်းတင်ပြထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန် မရှိတဲ့အတွက် ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းရဲ့ ပြင်ဆင်ချက်အဆို ကျွန်တော့်စာရင်းထဲမှာတော့ ကုန်ပြီလို့ဖော်ပြထားပါတယ်။ မှန်ပါသလား။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ စုစုပေါင်း ၇ ခုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုပြီးသွားပြီမဟုတ်လား။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ ပြီးသွားပြီ။ ၇ ခု ကုန်သွားပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းတို့က ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ချက်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များ

ကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**